# နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံ ကွန်ရက်
# သဘောထားထုတ်ပြန်ချက်

နေ့စွဲ - ၂၅၊ ၈၊ ၂၀၂၁။
စာအမှတ် - ၂/၂၀၂၁

၁။ ယနေ့ ( ၂၅ ၊ ၈ ၊ ၂၀၂၁ ) ရက်နေ့သည် နိုင်ငံတကာ နှင့် မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် အမည်းစက် ဖြစ်ခဲ့ရသော ရခိုင်ပြည်နယ် အတွင်းရှိ လူမျိုးတုံး သတ်ဖြတ်ခြင်းခံရသည့် ရိုဟင်ဂျာ လူမျိုးများ၊ ဟိန္ဒူဘာသာဝင်များ၊ မြို၊ သက်၊ ခမီ၊ မရမာကြီး၊ ဒိုင်းနက်၊ ကမန် စသည့် လူမျိုးစုငယ်များ အား မတရားဖိနှိပ်သတ်ဖြတ်မှုကြီး စတင်ဖြစ်ပေါ်ခဲ့သည့် (၄)နှစ်မြောက်နေ့ ဖြစ်ပြီး ဖက်ဆစ်စစ်တပ်မှ မတရားအာဏာလု၍ ပြည်သူများအား လူမဆန်စွာ ဖိနှိပ်သတ်ဖြတ်ခဲ့သည့် (၂၀၆)ရက်မြောက်နေ့လည်း ဖြစ်သည်။

၂။ ပြည်သူများ၏ တခဲနက် ထောက်ခံမှုရရှိထားသော အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ ထုတ်ပြန်ခဲ့သည့် ရခိုင် ပြည်နယ်ရှိ ရိုဟင်ဂျာ ပြည်သူများ ဆိုင်ရာ မူဝါဒသဘောထား ကြေညာချက်တွင်ပါရှိသည့် အချက်များကို မိမိတို့ကွန်ရက်က အပြည့်အဝ ထောက်ခံပြီး နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) သို့ တင်သွင်းခဲ့သော တရားစီရင်ပိုင်ခွင့် အား လည်း လက်ခံ ကြိုဆိုပါသည်။

၃။ လက်ရှိကာလ အပါအဝင် ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံရှိ လူမျိုးစုံ၊ ဘာသာစုံ ပြည်သူများကို ဒုက္ခပင်လယ် ဝေစေသော လုပ်ရပ်များ ကျူးလွန်ခဲ့သည့်သူများအား ထိရောက်သည့် အပြစ်ဒဏ်များ မချမှတ်နိုင်သေးဘဲ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် (Impunity) ရရှိနေကြလျှက်ရှိသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပိုမိုထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ကြရန် မိမိတို့ က အလေးအနက် တိုက်တွန်း တောင်းဆိုသည်။

၄။ ခေတ်အဆက်ဆက်တွင် တရားမဲ့ ပြုကျင့်ခံခဲ့ရသည့် နိုင်ငံအနှံ့မှ လူမျိုးစု ညီအစ်ကိုမောင်နှမများ အပါအဝင် ရခိုင်ပြည်နယ် အတွင်းရှိ လူမျိုးတုံး သတ်ဖြတ်ခြင်းခံရသည့် ရိုဟင်ဂျာ လူမျိုးများ ၊ ဟိန္ဒူဘာသာဝင်များ ၊ မြို၊ သက်၊ ခမီ၊ မရမာကြီး၊ ဒိုင်းနက်၊ ကမန် စသည့် လူမျိုးစုငယ်များ ခံစားခဲ့ရသည့် ဘေးဒုက္ခများအား တရားမျှတမှုရှိစေရန် ထိရောက်စွာ လုပ်ဆောင်ပေးနိုင်ခြင်း မရှိခဲ့သည့် အပေါ် မိမိတို့က ဝမ်းနည်းစွာ တောင်းပန်အပ်ပါသည်။

၅။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းတို့ကို အခြေခံပြီး စုံလင်ကွဲပြားသော လူမျိုးဘာသာများ အကြား ခွဲခြား ဆက်ဆံမှုများ မရှိဘဲ လွတ်လပ်၍ တရားမျှတသော အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်သစ် ကို အတူအကွ တည်ဆောက်ရန် အတွက် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံမှ တော်လှန်ရေး အင်အားစုများ နှင့် လက်တွဲဆောင်ရွက်ရန် အလေးအနက် ဆန္ဒရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်

- ဦးဣဿရိယ(မင်းသုည - ဗုဒ္ဓတက္ကသိုလ်), Singal+66637872712, Email-king.issariya@gmail.com
- ဦးဝါယမ ,Singal + 66886013156, Email- uwaryama27@gmail.com
- ဦးထွန်းကြည် (နိုင်/ကျဉ်း) ,Singal + 959 95277759, Email-kokotunkyifpps@gmail.com
- ဦးသျှီဝ, Email-shivaspring2021@gmail.com
- Sr.Micheal Seint San Yay, Email-emanuelfrancisca526@gmail.com